FORTIFY
RIGHTS

# တပ်မတော်မှ ဖမ်းဆီးထိန်းသိမ်းထားသော ကချင်အရပ်သားနှစ်ဦး တည်ရှိရာကို စုံစမ်းပေးရန် အစိုးရကို တောင်းဆိုချက်။

*ဇန်နဝါရီလ ၃၁ ရက်နေ့တွင် တပ်မတော် ဖမ်းဆီးထိန်းသိမ်းခဲ့သော အရပ်သားများ ပျောက်ဆုံးနေပြီဟု စိုးရိမ်ရ။*

(ရန်ကုန်၊ ဖေဖော်ဝါရီလ ၂၀ ရက်၊ ၂၀၁၈ ခုနှစ်) ကချင်လူမျိုးအရပ်သားများဖြစ်ကြသည့် Hpaugan Yaw နှင့် Nhkum Naw San တို့၏ တည်ရှိနေရာနှင့်၊ ၎င်းတို့နှစ်ယောက် ဘေးအန္တရာယ်ကင်းကြောင်း သိရှိရန်၊ အစိုးရမှစုံစမ်းစစ်ဆေးသင့်ကြောင်း Fortify Rights အဖွဲ့မှ ထုတ်ပြန်ကြေငြာလိုက်သည်။ ထိုသူ ၂ ဦးကို မြန်မာ့တပ်မတော်သားတို့က ကချင်ပြည်နယ် မန်စီမြို့နယ်တွင် ဇန်နဝါရီလ ၃၁ ရက်နေ့က ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် ပျောက်ဆုံးသွားခဲ့သည်။

"ဒီလူ ၂ ယောက် ဘယ်မှာရောက်နေတယ်ဆိုတာနဲ့ သူတို့အခြေအနေကိုသိရှိရန်၊ အစိုးရဖက်က အမြန်ဆုံးစုံစမ်းစစ်ဆေးပေးဖို့ တာဝန်ရှိပါတယ်" ဟု Fortify Rights ၏ Chief Executive Office ဖြစ်သူ Matthew Smithက ပြောသည်။ "သူတို့ကို စစ်တပ်က ဖမ်းဆီးထိန်းသိမ်းခဲ့တာ ၂ ပတ်ကျော်ကြာခဲ့ပြီ ဖြစ်ပြီး သူတို့ဘယ်မှာ ရှိနေတယ်ဆိုတာကို စုံစမ်းတဲ့အပေါ်လဲ အာဏာပိုင်တွေက တားမြစ်ပိတ်ပင်ခဲ့တဲ့အတွက် စိုးရိမ်စရာဖြစ်ပါတယ်။"

အသက် ၆၅ နှစ် အရွယ် Hpaugan Yaw နှင့် ၃၅ နှစ်ရှိ Nhku Naw San တို့ကို မန်စီမြို့နယ် ခတ်ပရာရွာတွင် ဇန်နဝါရီလ ၃၁ရက် နေ့လည်ပိုင်း မြန်မာ့တပ်မတော်သားတို့က ဖမ်းဆီးထိန်းသိမ်း ခဲ့သည်ကို တွေ့ခဲ့ရသည့် မျက်မြင်သက်သေ ၂ ဦးကို Fortify Rights မှ ဆက်သွယ်မေးမြန်းခဲ့သည်။ သူတို့ကဖမ်းဆီးခံရသူအမျိုးသား၂ဦးကို လက်နောက်ပြန်ကြိုးတုတ်ထားသည်ဟုတွေ့ခဲ့ရကြောင်းပြောသည်။ လုံခြုံရေးအတွက် နာမည်လွှဲထားသော Mariaဆိုသူ မျက်မြင်သက်သေက Nhkum Naw San ကို တပ်မတော်သားများက မြန်မာနိုင်ငံ မြောက်ပိုင်းတွင် လှုပ်ရှားနေသည့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အဖွဲ့၏ ယူနီဖောင်းကို ဝတ်ဆင်ပေးထားပြီး Hpaugan Yaw ကိုလဲ ထိုနည်းလည်းကောင်း ဝတ်ပေးဖို့ ကြိုးစားနေသည်ကို တွေ့ခဲ့ရသည်ဟု ပြောပြခဲ့သည်။ Nhkum Naw Sanကို စစ်သားများက သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့ပြီး သူ့မျက်နှာလဲ ဖူးယောင်နေသည်ဟု ဆိုထားသည်။

အမျိုးသား ၂ ဦးသည် ခတ်ပရာကျေးရွာအနီးရှိ လယ်ကွင်းပြင်တွင် စိုက်ပျိုးလုပ်ကိုင်နေစဉ် စစ်သားတို့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

လုံခြုံရေးအရ Sut Seng Awngဟု အမည်လွှဲပြောင်းထားသူက ဇန်နဝါရီလ ၃၁ရက် နေ့လည် ၁၂ နာရီဝန်းကျင်းတွင် လယ်ကွင်းသို့ရောက်လာရာ Hpaugan Yaw နှင့် Nhkum Naw San တို့ကို တပ်မတော်သားများက လယ်စောင့်တဲအတွင်းမှ ဖမ်းဆီးခဲ့သည်ကို တွေ့ခဲ့ရသည်ဟုဆိုသည်။ ထို့နောက် သူတို့ကို တပ်မတော်သားများက လယ်ကွင်းအစပ်သို့ ခေါ်ဆောင်သွားခဲ့သည်ဟုဆိုသည်။

> သူတို့ ၂ယောက်ကို ထိုင်ခိုင်းပြီး စစ်သားအယောက် ၃၀လောက်က ဝိုင်းထားလိုက်တယ်။ စစ်သားတွေက ယူနီဖောင်းအစိမ်းရောင် ဝတ်ထားတယ်။ တချို့က ‌ဘောင်းတွေနဲ့ သေနတ်တွေ သယ်ထားပြီး သရီးကွာတာဘောင်းဘီအတို ဝတ်ထားတယ်၊ ဘောင်းဘီရှည်နဲ့ မဟုတ်ဘူး။ သူတို့ ဘာတွေပြောနေလဲတော့ မကြားခဲ့ရဘူး။

ထိုအနီးရှိတောအုပ်အတွင်း ဟင်းသီးဟင်းရွက်သွားခူးသည့် Mariaနှင့် အဖော် ၁ယောက်တို့ ဇန်နဝါရီလ ၃၁ ရက်နေ့ ၁၂ နာရီ ခွဲ ခန့်တွင် ခတ်ပရာကျေးရွာ လမ်းမကြီးအတိုင်းလျှောက်လာခဲ့ကြစဉ် Hpagun Yaw နှင့် Nhkum Naw Sanတို့ကို စစ်သားများကလယ်ကွင်းအစပ်သို့ ခေါ်ဆောင်လာသည်ကို တွေ့ခဲ့ရသည်ဟု ပြောသည်။

> သူတို့ ၂ ယောက်ကို ကြည့်လိုက်တော့ ကျွန်မတို့ရွာက လူတွေဖြစ်နေတာကို သတိထားမိတယ်။ Naw Sanကို ကြိုးနဲ့တုတ်ထားပြီး၊ သူကိုစစ်သားတွေက KIA ယူနီဖောင်းဝတ်ပေးထား တာကိုတွေ့ရတယ်။ အဝတ်တွေက အသစ်တွေ နဲ့တူတယ်၊ သိပ်မနွမ်းသေးဘူး။ Naw San မျက်နှာမှာ၊ ပါးတွေ၊ နဖူးနဲ့ မျက်လုံးထောင့်တွေမှာ ဖူးယောင်ပြီး အငြိုအမဲစွဲနေတာ တွေ့ခဲ့ရတယ်။

တပ်မတော်သားများက အမျိုးသမီး ၂ ယောက်ကို တားပြီး Hpaugan Yaw၊ Nhkum Naw San တို့နှင့်အတူ ၁ နာရီခန့် ထိန်းသိမ်းထားခဲ့သည်ဟု သူကပြောသည်။

> ကျွန်မတို့ အဲဒီလူ ၂ ယောက်ကို သိထားလို့ စစ်သားတွေက မေးတော့ ကျွန်မတို့က သိပါတယ်လို့ ပြန်ဖြေခဲ့တယ်။ နောက် စစ်သားတွေက လက်ကိုသေနတ်ပုံစံထောင်ပြပြီး ဒီလူတွေ အဲလို လုပ်လားလို့ မေးတယ်။ ကျွန်မ မသိဘူးလို့ပြောခဲ့တယ်။ သူတို့က Naw San ကို KIA ယူနီဖောင်း ဝတ်ထားပေးတာဆိုတော့ ကျွန်မလဲ ကြောက်တာပေါ့။ နောက်ထပ် သူတို့ ထပ်မမေးတော့ဘူး။

Mariaက စစ်သားအချို့က Nhkum Naw Sanကို အနီးရှိ လယ်ကွင်းမှ လယ်စောင့်တဲ့ကိုခေါ်သွားခဲ့ပြီး အမဲလိုက်ရာတွင် သုံးသည့် အိမ်လုပ်သေနတ် ၂လက်နှင့် ပြန်ရောက်လာသည်ဟု ပြောသည်။ "Naw San ကို စစ်သားတွေက တောင်ကုန်းပေါ်ခေါ်သွားပြီး တချို့စစ်သားတွေက ဒီလူဟာ အနောက်အဖျက်ပဲ၊ သူကို သတ်ပစ်ရမယ် လို့ ပြောတယ်" ဟု Fortify Rights ကို ပြောပြခဲ့သည်။

နေ့လည် ၁ နာရီ ခွဲ ခန့်တွင် Maria နှင့် သူ၏ အဖေါ်ဖြစ်သူကို မြန်မာစစ်သားများက ပြန်လွှတ်ပေးခဲ့ပြီး မိုင်းကောင် သို့ တခြားလမ်းမှ ပြန်ဖို့ ပြောခဲ့သည်ဟု ဆိုသည်။

> ကွင်းအစပ်နားမရောက်ခင် ကျွန်မသူတို့ကို လှည့်ကြည့်လိုက်တော့ စစ်သားတွေက Hpaugan Yaw ကို KIA အဝတ်အစားတွေ ဝတ်ပေးနေတာ တွေ့ရတယ်။ အဝတ်တွေက သူနဲ့သိပ်မတော် မတော်ဘူး၊

> ဒါနဲ့ စစ်သားတွေက အတင်းဝင်အောင် စွတ်ပေးနေတာ။ နောက်ထပ် လေးငါးခြောက် မိနစ်လောက် ဆက်လျှောက်သွားတော့ လူ ၁ယောက် နာလို့ ကချင်လိုအော်နေတဲ့ အသံကြားရတယ်။ အဲဒီကနေ လေးငါးခြောက်မိနစ်လောက်ထပ်ကြာတော့ သေနတ်သံ ဒိုင်း ဒိုင်း ဆို ၂ ချက် ထွက်လာပြီးတဲ့နောက် ဘာမှ ထပ်မကြားရတော့ဘူး။

Hpaugan Yaw နှင့် Nhkum Naw San တို့ကို ဇန်နဝါရီလ ၃၁ ရက်နေ့မှစ၍ မည်သူမှ မတွေ့ခဲ့ရတော့ပေ။

သူတို့နှစ်ယောက်ကို ဖမ်းဆီးခဲ့သည့် မြန်မာစစ်သားများသည် ဘောင်းဘီတိုများ ဝတ်ထားကြပြီး၊ ကရင်ပြည်နယ်တွင် ဘောင်းဘီတိုတပ်ဟုခေါ်သည့် ဆန်းကြယ်သည့် တပ်မတော် တပ်ရင်းတစ်ခုအကြောင်း သတင်းများနှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရသည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ က Havard Law School မှ International Human Rights Clinicက ထုတ်ပြန်ခဲ့သည့်အစီရင်ခံစာတွင် ဘောင်းဘီတို တပ်သည် သေချာလေ့ကျင့်မှုပေးထားသည့် ရွေ့လျားချေမှုန်းရေး၊ အထူကင်းထောက်တပ် ဖြစ်နိုင်သည်ဟုဖေါ်ပြထားသည်။ ဤတပ်ရင်းများသည် ရက်ရက်စက်စက်လုပ်တတ်သည်ဟု လူသိများကြောင်း International Human Rights Clinicက ဆိုသည်။ ကရင်ပြည်နယ်တွင် လက်နက်ကိုင်စစ်ဖြစ်နေသည့် ဒေသများတွင် ယင်း ဘောင်းဘီတိုတပ်များ လှုပ်ရှားနေသည့်အကြောင်းကို ကရင်လူ့အခွင့်အရေးအဖွဲ့ Karen Human Rights Group၏ မှတ်တမ်းရှိသည်။ မြန်မာ့တပ်မတော်၏ ဘောင်းဘီတိုတပ်များမှ ရခိုင်ပြည်နယ်တွင် အောက်တိုဘာ ၁၆ ရက်နေ့ ကတည်းက ကျူးလွန်ခဲ့သည့် ရက်စက်မှုများ၏ သက်သေသကာယကိုလဲ Fortify Rights မှ မှတ်တမ်း တင်ထားသည်။

Hpaugan Yaw နှင့် Nhkum Naw Sanတို့ ၂ ဦးစလုံးနှင့် သူတို့တို့ မိသားစုများသည် ကချင်ပြည်တွင်းစစ်ကြောင့် နေအိမ်များပျက်စီးစွန့်ခွာပြီး၊ Maing Hkwan စစ်ဘေးရှောင်စခန်းတွင် နေထိုင်နေရ သူများဖြစ်သည်။

ဖေဖေါ်ဝါရီလ ၁ရက်နေ့တွင် မိုင်းကောင်စခန်း ခေါင်းဆောင်များသည် ယင်းဒေသတွင် တပ်စွဲထားသည့် မြန်မာ့တပ်မတော်၏ အမှတ် ၆၀၂ ခြေမြန်တပ်ရင်းနှင့် တွေ့ဆုံ၍ Hpaugan Yaw နှင့် Nhkum Naw San တို့ကို လိုက်လံရှာဖွေရန် ခွင့်ပြုချက်တောင်းခဲ့ရာ တပ်ရင်းမှ အရာအရှိများက ခွင့်ပြုချက်ပေးရန် ငြင်းဆန်ခဲ့သည်။ ယင်းအဖြစ်အပျက်ပြီးနောက် စစ်တပ်က မိုင်းကောင် နှင့် ခတ်ပရာကျေးရွာအကြား လမ်းကို ပိတ်ထားလိုက်ပြီး မိုင်းကောင်ရွာတွင် ည ၈ နာရီနောက်ပိုင်း ညမထွက်ရအမိန့် ထုတ်ပြန်ခဲ့သည်။

ဖေဖေါ်ဝါရီ ၄ ရက်နေ့တွင် Hpaugan Yaw နှင့် Nhkum Naw San တို့ မိသားစုများသည် မန်စီရဲစခန်းတွင် လူပျောက်ဆုံးကြောင်း တိုင်ကြားခဲ့သည်။ ရဲဌာနမှ အခြားသက်ဆိုင်ရာဌာနများကို ပျောက်ဆုံးသူ ၂ ယောက်နှင့်ပတ်သက်၍ သတင်းပေးပို့ခဲ့ပြီး ၎င်းတို့ ဓါတ်ပုံများကိုလဲ ပေးပို့ထားသည်ဟု မန်စီမြို့နယ်ရဲအရာအရှိ မျိုးသန့်က ရောဝတီသတင်းဌာနက ပြောခဲ့သည်။

အပြည်ပြည်ဆိုင်ရာဥပဒေအရ အစိုးရအရာအရှိများနှင့် အစိုးရ၏ သက်ဆိုင်သော ကိုယ်စားလှယ်များက တစ်စုံတစ်ယောက်ကို ဖမ်းဆီးပြီး ထိုသူကို ဖမ်းဆီးချုပ်နှောင်ထားကြောင်းနှင့် ၎င်း၏ အခြေအနေ၊ ထားရှိရာတို့ကို အသိပေးရန်ငြင်းဆိုခြင်း၊ ဥပဒေအရအကာအကွယ်ပြင်ပတွင်ထားရှိခြင်းပြုလုပ်လျှင် အတင်းအကြပ်ပျောက်ဆုံးစေမှု အဖြစ်မှတ်ယူသည်။ အတင်းအကြပ်ပျောက်ဆုံစေမှုသည် အပြည်ပြည်ဆိုင်ရာဥပဒေအရ ဥပဒေမဲ့ဖမ်းဆီးထိန်းသိမ်းမှု၊ ငြင်းပန်းနှိပ်စက်မှုနှင့် လူသားမဆန်သော

ဆက်ဆံပြုမူမှု၊ တရားမဲ့ သတ်ဖြတ်မှုများကို တားမြစ်ချက်များနှင့် အကာအကွယ်ပေးထားသည့် လူ့အခွင့်အရေးများကို ချိုးဖောက်မှုဖြစ်သည်။ ယခုလဲ အတင်းအကြပ်ပျောက်ဆုံစေမှုဟု ယူဆရသည့် ဖြစ်ရပ်ကို အာဏာပိုင်တို့အနေဖြင့် စုံစမ်းစစ်ဆေးပြီး အပြစ်ရှိသူတို့ကို အရေးယူပေးရန် တာဝန်ရှိပါသည်။

မိုင်းကောင် စခန်းမှ လူ ၃ဦးကို ၂၀၁၇ ခုနှစ် မေလတွင် သတ်ဖြတ်မှုနှင့် တပ်မတော်သား ၆ ဦးတို့ကို ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် စစ်ခုံရုံးတစ်ခုမှ ဇန်နဝါရီလတွင် ဆုံးဖြတ်ချက် ချခဲ့သည်။ မြန်မာတပ်မတော် အမှတ် ၃၁၉ ခြေမြန်တပ်ရင်းမှ တပ်သားများသည် တောအတွင်း ထင်းရှာထွက်စဉ် အသက် ၃၁ နှစ် ရှိ Nhkum Gam Awng၊ ၂၂ နှစ် အရွယ် Maran Brang Seng နှင့် ၂၇ နှစ် အရွယ် Labya Naw Khum တို့ သတ်ဖြတ်မှုတွင် အပြစ်ရှိကြောင်း စစ်ခုံရုံးမှ ဆုံးဖြတ်ခဲ့သည်။

"ဒီဒေသထဲမှာ မြန်မာစစ်တပ်က မတရားမှုတွေ ကျူးလွန်တဲ့ သမိုင်းရှိပါတယ်။ အာဏာပိုင်တွေအနေနဲ့ သူတို့မှာ ရှိသမျှ အာဏာကို အသုံးချပြီး ဒီ လူ ၂ ယောက်ကို ရှာဖွေဖို့ လုပ်ဆောင်ရမှာဖြစ်ပါတယ်၊ သူတို့ကို ရှာဖွေတာကို မပိတ်ပင်သင့်ပါဘူး"ဟု Matthew Smithက ပြောသည်။ "စစ်တပ်က ကချင်ပြည်နယ်မှာရှိတဲ့ အရပ်သားပြည်သူတွေကို အကြမ်းဖက်နေတာဖြစ်ပြီး၊ အတင်းအကြပ်ပျောက်ဆုံးစေမှုတွေမှာ တာဝန်ရှိ သူတွေကို သေချာစုံစမ်းဖော်ထုတ်နိုင်ဖို့ အစိုးရဖက်က လုပ်ရမှာပါ။"

*နောက်ခံအကြောင်းအရာ*

ကချင်ပြည်နယ်တွင် ၂၀၁၁ ခုနှစ် ဇွန်လက မြန်မာတပ်မတော်နှင့် KIA အကြားတိုက်ပွဲများ ပြန်လည်စတင်ခဲ့ပြီး နောက်ပိုင်း ရှမ်းပြည်နယ်မြောက်ပိုင်းသို့ပါ တိုက်ခိုက်မှုများ ကူးစက်လာခဲ့သည်။ မြန်မာ့တပ်မတော်မှ အရပ်သားများအပေါ် ဥပဒေမဲ့ သတ်ဖြတ်ချင်း၊ နှိပ်စက်ငြင်းပန်းခြင်း၊ အဓမ္မလုပ်အားပေးခိုင်းစေချင်း၊ အဓမ္မပြုကျင့်ခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်ခဲ့ခြင်း၊ မတရား ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် အရပ်သားများအပေါ် တိုက်ခိုက်မှုများကို Fortify Rights အဖွဲ့နှင့် အခြားလူ့အခွင့်အရေး အဖွဲ့အစည်းများမှ မှတ်တမ်းတင်ထားမှုများရှိသည်။ KIA နှင့် မြန်မာတပ်မတော်သည် ဤစစ်ပွဲအတွင်း မြေမြှုပ်မိုင်းများနှင့် ကလေးစစ်သားများကို အသုံးချမှုများအတွက်လဲ တာဝန်ရှိသည်။